# ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ နှင့် KIOကိုယ်စားလှယ်အဖွဲ့ တို့၏ သဘောတူညီချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် KIO မှ ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ မနောကွင်းအတွင်းရှိ မဏ္ဍပ်ခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဤဆွေးနွေးပွဲတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Vijay Nambiar ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယ သံရုံးတာဝန်ခံ Mr. Lu Zhi ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့၏ ကိုယ်စားလှယ်များ နှင့်ဖိတ်ကြားထားသည့် မြို့မိမြို့ဖ (၁၀) ဦး တို့သည် လေ့လာသူများ (Observers) အဖြစ် တက်ရောက်ခဲ့ကြပါသည်။

၂။ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အာမခံနိုင်သော နိုင်ငံရေးအရ သဘောတူညီမှုများ ထွက်ပေါ်လာနိုင်ရေးကို ဦးတည်၍ နှစ်ဖက်ကိုယ်စားလှယ်များမှ အသိ သက်သေများ ရှေ့မှောက်တွင် အောက်ပါအချက်များအား နှစ်ဦးနှစ်ဖက် သဘောတူညီ အတည်ပြု လက်မှတ်ရေးထိုး လိုက်သည်-

(က) နိုင်ငံတော်အစိုးရနှင့် KIOတို့ နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်ရန် သဘောတူသည်။

(ခ) နှစ်ဖက်တပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်မှုများလျှော့ချခြင်း၊ တိုက်ပွဲများ ထပ်မံ မဖြစ်ပွားအောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားရန် သဘောတူသည်။

(ဂ) နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သော စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ (Joint Monitoring Committee) ဖွဲ့စည်းရန် မူအားဖြင့် သဘောတူသည်။

(ဃ) နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သည့် ပြည်သူများအတွက် ပြန်လည် ထူထောင်ရေး ကိစ္စရပ်များကို ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက် သွားရန် သဘောတူသည်။

(င) တပ်ပိုင်းဆိုင်ရာ တပ်နေရာချထားမှုများနှင့် ပတ်သက်၍ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရန် သဘောတူသည်။

(စ) လိုအပ်သောလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် KIO ကိုယ်စားလှယ် နှင့် အလုပ်အဖွဲ့ (Technical Team) ကို မြစ်ကြီးနားမြို့တွင် ထားရှိသွားရန် သဘောတူသည်။

(ဆ) နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် ယခုအကြိမ်တက်ရောက်သည့် အဖွဲ့များမှ ကိုယ်စားလှယ်များ ပြန်လည်တက်ရောက်ရန် သဘောတူသည်။ အခြားဖိတ်ကြားလိုသော အဖွဲ့များရှိပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်သဘောတူသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဗိုလ်မှူးကြီးလဗိုင်ခွန်နောင်

အဖွဲ့ဝင်

KIOကိုယ်စားလှယ်အဖွဲ့

ဦးလဂျွန်ငန်ဆိုင်း

ကချင်ပြည်နယ်ဝန်ကြီးချုပ်

ဗိုလ်မှူးကြီးမရန်ဇော်တောင်

အဖွဲ့ဝင်

KIOကိုယ်စားလှယ်အဖွဲ့

ဒေါ်ခွဲဘူ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးခက်ထိန်နန်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

# အသိသက်သေများ

Mr. Vijay Nambiar

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏
မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်

Mr. Lu Zhi

မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး

ဦးခူဦးရယ်

KNPP

ပဒိုမန်းမန်း

KNU

ဦးဇိုဝါဟ

CNF

နိုင်ဝဆံသာမင်း

NMSP

စိုင်းလျှံမိုင်းကျော်

RCSS/SSA

ဦးစိုင်းထွန်းဆိုင်

SSPP/SSA

ဦးဆဝ်ခွန်း

UWSA

2013-5-30

ဦးခမ်းမောင်

NDAA

30/5/013

ဒုဝန်ကြီးဦးအောင်ဝင်းတင်

[illegible]